Conjunctivitis

# မျက်မြေးရောင်နာ (Conjunctivitis)

Burmese

မျက်မြေးရောင်နာ (Conjunctivitis) သည် အထူးသဖြင့် အသက် ငါးနှစ်အောက် ကလေးများတွင် ဖြစ်ပွားသည့် အဖြစ်များသော မျက်စိကူးစက်မှုတစ်ခုဖြစ်သည်။ ၎င်းသည် မျက်လုံး အဖြူပိုင်းကို ဖုံးအုပ်ထားသည့် ကြည်လင်နေသောမျက်လွှာနှင့် မျက်ခွံအတွင်းပိုင်း မျက်နာပြင် ရောင်ကိုင်းမှု (ရောင်ခြင်းနှင့် နီရဲခြင်း) တစ်ခုဖြစ်ပါသည်။ တစ်ခါတစ်ရံ၌ မျက်မြေးရောင်နာ (conjunctivitis) ကို 'ပန်းရောင် မျက်လုံး' ဟုခေါ်သည်၊ အဘယ်ကြောင့်ဆိုသော် မျက်လုံးမှာ ပန်းရောင် သို့မဟုတ် နီရဲနေသောကြောင့်ဖြစ်သည်။

ကုသမှုမှာ သင့်ကလေး ရရှိသည့် မျက်မြေးရောင်နာ (conjunctivitis) အမျိုးအစားအပေါ် မူတည်ပါသည်။ မျက်မြေးရောင်နာ (conjunctivitis) သည် ကူးစက်နိုင်သည် သို့မဟုတ် ဓါတ်မတည့်မှု ဖြစ်နိုင်သည်။ ကူးစက်တတ်သည့် မျက်မြေးရောင်နာ (conjunctivitis) သည် အလွန် ကူးစက်ပျံ့နှံ့ပါသည်။

## မျက်မြေးရောင်နာ (conjunctivitis) ၏ သင်္ကေတများနှင့် ရောဂါလက္ခဏာများ

အကယ်၍ သင့်ကလေးတွင် မျက်မြေးရောင်နာ (conjunctivitis) ရှိလျှင် သူတို့တွင် အောက်ပါတို့ ဖြစ်နိုင်သည်-

- နီရဲသော မျက်လုံး သို့မဟုတ် ပန်းရောင် မျက်လုံး (သို့မဟုတ် မျက်လုံးနှစ်ခုလုံး)
- မျက်ခွံအတွင်းပိုင်းအလွှာ နီရဲခြင်း
- မျက်ခွံများ ရောင်နေပြီး ဖောင်းကြွနေပုံရသည်
- မျက်ရည်များ လွန်ကဲစွာထွက်ခြင်း
- ဝါ-စိမ်းရောင် မျက်ချေးများ မျက်လုံးမှထွက်ပြီး သင့် ကလေး အိပ်ပျော်စဉ် ခြောက်သွေ့သွားကာ မျက်ခွံများတစ်လျှောက် ခဲ၍မာကြွပ်စေသည်
- လင်းတောက်သည့် အလင်းရောင်များကို မခံနိုင်ပါ (ဓါတ်ပုံရိုက်ခံရန်ကြောက်ရွံ့)
- သဲတစ်ရုပ်ရုပ် ခံစားချက် (မျက်လုံးထဲ သဲဝင်သကဲ့သို့)
- မျက်လုံးများ ယားပြီး မျက်လုံးကို ပွတ်ခြင်း။

ကူးစက်ခံရပြီး 24 နာရီမှ 72 နာရီအတွင်း ရောဂါလက္ခဏာများ သာမန်အားဖြင့် ဖြစ်ပေါ်လာပြီး နှစ်ရက်မှ သုံးပတ်အထိ ကြာရှည်နိုင်သည်။

## မျက်မြေးရောင်နာ (conjunctivitis) ကို မည်သည်က ဖြစ်ပွားစေသနည်း။

### ကူးစက်တတ်သော မျက်မြေးရောင်နာ (conjunctivitis)

မျက်မြေးရောင်နာ (Conjunctivitis) ကို အလွန် ကူးစက်တတ်သည့် ကူးစက်မှု (ဗိုင်းရတ်စ်ဖြစ်စေ သို့မဟုတ် ဗက်တီးရီးယားဖြစ်စေ) ကြောင့် ဖြစ်ပွားစေသည်။ အကယ်၍ သင့်ကလေးသည် အောက်ပါတို့နှင့် အထိအတွေ့ရှိလာသည့်အခါ ကူးစက်တတ်သည့် မျက်မြေးရောင်နာ (conjunctivitis) ကူးစက်ခံရနိုင်သည်-

- ထိတွေ့ခြင်း၊ ချောင်းဆိုးခြင်း သို့မဟုတ် နှာချေခြင်းတို့မှတစ်ဆင့် ကူးစက်ခံရသူ၏ မျက်လုံး၊ နှာခေါင်း သို့မဟုတ် လည်ချောင်းတို့မှထွက်သည့် အရည်
- ကူးစက်ပိုးကပ်နေသည့် လက်ချောင်းများ သို့မဟုတ် အရာဝတ္ထုများ
- ရေကူးသည့်အခါ ကူးစက်ပိုးကပ်နေသည့် ရေ သို့မဟုတ် ပိုးကပ်နေသည့် ကိုယ်သုတ်ပဝါ

မျက်မြေးရောင်နာ (conjunctivitis) ရှိသူတစ်ဦးသည် မျက်လုံးမှ မျက်ချေးထွက်နေသမျှကာလပတ်လုံး အခြားသူများအား ကူးစက်စေမည်ဖြစ်သည်။

အကယ်၍ သင့်ကလေးတွင် မျက်မြေးရောင်နာ (conjunctivitis) ရှိလျှင် သူတို့အား အခြားလူများနှင့် အတူတကွ မျက်စင်းခတ်ဆေး၊ စက္ကူပြားလက်သုတ်ပဝါ၊ အလှပြင်မိတ်ကပ်၊ ကိုယ်သုတ်ပဝါ သို့မဟုတ် ခေါင်းအုံးစွပ်တို့ကို မသုံးပါစေနှင့်။ ကူးစက်တတ်သည့် မျက်မြေးရောင်နာ (conjunctivitis) ရှိသည့် ကလေးငယ်များသည် မျက်လုံးများမှ မျက်ချေး ကင်းစင်သွားသည့်တိုင်အောင် ကလေးထိန်းကျောင်း၊ သူငယ်တန်းကျောင်း သို့မဟုတ် ကျောင်းသို့မသွားဘဲ အိမ်မှာနေသင့်သည်။ အခြားသူများအား ကူးစက်မှုကို ဟန့်တားရန် လက်များကို အသေအချာ ပုံမှန် ဆေးကြောစေရမည်။

### ဓါတ်မတည့်မှုကြောင့်ဖြစ်သည့် မျက်မြေးရောင်နာ (conjunctivitis)

မျက်မြေးရောင်နာ (conjunctivitis) သည် ဓါတ်မတည့်မှုကြောင့်လည်း ဖြစ်ပွားနိုင်ပါသည်။ ဓါတ်မတည့်မှုကြောင့်ဖြစ်သည့် မျက်မြေးရောင်နာ (conjunctivitis) သည် မကူးစက်တတ်ပါ။ အခြားသော ဓါတ်မတည့်မှု သမိုင်းကြောင်းရှိသည့် ကလေးများတွင် ပိုမို၍ ဖြစ်နိုင်ခြေရှိသည်။ အကယ်၍ သူတို့၏ မျက်မြေးရောင်နာ (conjunctivitis) မှာ ဓါတ်မတည့်မှု ကြောင့်ဖြစ်ပွားလျှင် သင့်ကလေးတွင် ပန်းဝတ်မှုန်ကြောင့် နှာယိုနာစီးခြင်း၏ အခြားသော သင်္ကေတများ မကြာခဏ ပြသပါမည်။ သင်္ကေတများတွင် ယားခြင်း သို့မဟုတ် နှာရည်ယိုခြင်း နှင့် နှာချေခြင်းပါဝင်ပြီး မျက်လုံးများမှာ ယားပြီးမျက်ရည်လည်နေပါသည်။ ဓါတ်မတည့်မှုကြောင့် ဖြစ်သော မျက်မြေးရောင်နာ (conjunctivitis) ရှိသည့် ကလေးများသည် အမြဲတမ်း လိုလို

သူတို့၏ မျက်လုံးများကို ပွတ်သတ်ကြပါသည်။

## အိမ်၌ စောင့်ရှောက်မှု

အကယ်၍ လက္ခဏာများမှာ အနည်းအကျဉ်းဖြစ်လျှင် မျက်လုံးများကို ရေနွေးစွပ်ထားသည့် ဂွမ်းဖြင့် အသာအယာ သန့်ရှင်းပေးခြင်းမှာ ကလေးအား ပိုမို၍ သက်သာစေနိုင်ပါသည်။

- မျက်လုံးမှ အပြင်ဘက် (နှာခေါင်းဘက်) သို့ တစ်ဖက်တည်းပွတ်၍သာ သန့်ရှင်းပေးပါ။ ထိုသို့လုပ်ခြင်းဖြင့် မျက်လုံးတစ်ဖက်တည်းသာ နာနေလျှင် အခြားတစ်ဖက်အား ကူးစက်ခြင်းကို ကာကွယ်ပေးသည်။
- ကူးစက်ပိုးကပ်နေခြင်းကို ကာကွယ်ရန် ဂွမ်းကို သုံးပြီးတိုင်း စွန့်ပစ်ပါ။

မျက်ခွံအတွင်းပိုင်းကို သန့်ရှင်းမပေးပါနှင့်၊ မျက်ခွံအတွင်းပိုင်းအလွှာကို ပျက်စီးစေနိုင်သည်။ မျက်လုံးအား စွပ်စိုစေသည့် 'မျက်ရည် အတု' မျက်စင်းရည်ကို သုံးခြင်းသည် အနည်းငယ် သက်သာနိုင်သည်။

ဓါတ်မတည့်မှုကြောင့်ဖြစ်သည့် မျက်မြေးရောင်နာကြောင့် နာကျင်ပြီး ရောင်၍ ယားသော မျက်လုံးများကို ယားယံပျောက်ဆေး (antihistamines) များက ပျောက်ကင်းစေနိုင်သည်။ သင့်ကလေးအတွက် ယားယံပျောက်ဆေး (antihistamines) အသုံးပြုရန်နှင့် ပတ်သက်၍ သင့် ဆရာဝန် သို့မဟုတ် ဆေးဝါးဗေဒပညာရှင်နှင့် ပြောဆိုပါ။

အကယ်၍ ကလေးငယ်၏ မျက်လုံးထဲ မျက်လုံး ချွဲကျိကျိ သို့မဟုတ် စေးကပ်ကပ်ဖြစ်နေလျှင် မိခင်နို့ရည်ကို ထည့်နိုင်သည်ဟု သင် ကြားဖူးပါလိမ့်မည်။ မိခင်နို့ရည်သည် မျက်မြေးရောင်နာကို ပျောက်အောင် မကုပေးနိုင်ပါ၊ သင့်ကလေးငယ် မျက်လုံးထဲ ထည့်ပေးခြင်းမှာ အကျိုးမရှိသော်လည်း အန္တရာယ်တော့ မဖြစ်ပါ။ ဖော်မြူလာနို့ကို မည်သည့်အခါမျှ မျက်လုံးထဲ မထည့်ပါနှင့်။

## ဆရာဝန်ကို မည်သည့်အချိန်၌ တွေ့ရန်

အကယ်၍ သင့်ကလေးငယ်၏ မျက်မြေးရောင်နာမှာ နှစ်ရက်ကျော်ပြီးနောက် မသက်သာလျှင် သို့မဟုတ် သင့်ကလေး၌ အောက်ပါတို့ဖြစ်လျှင် ဆရာဝန်နှင့်တွေ့ပါ-

- ပြင်းထန်သော နာကျင်မှု
- သူတို့၏ အမြင်အာရုံ/မျက်လုံးအမြင်နှင့်ပတ်သက်၍ အခက်အခဲများဖြစ်ခြင်း
- မျက်ခွံများနှင့် မျက်လုံးအနီးအနား၌ ပိုဆိုးလာသော ရောင်ကိုင်းမှု၊ နီရဲမှုနှင့် အထိမခံနိုင်မှု
- သာမန်အားဖြင့် နေထိုင်မကောင်းခြင်းနှင့် အဖျားရှိခြင်း
- မျက်ကြည်လွှာ (မျက်လုံးရှေ့ရှိကြည်လင်နေသော အလွှာ) ၌ မပျောက်နိုင်သော အဖြူရောင် အစက်

ဆရာဝန်သည် သင့်ကလေးတွင် မည်သည့် မျက်မြေးရောင်နာ (conjunctivitis) အမျိုးအစားဖြစ်ကြောင်း ဆုံးဖြတ်မည်ဖြစ်ပြီး ဗက်တီးရီးယားပိုးကြောင့်ဖြစ်သည့် မျက်မြေးရောင်နာ (conjunctivitis) အတွက် ဗက်တီးရီးယားပိုးသတ် မျက်စင်းခတ်ဆေးရည်ဖြင့် ကုသပေးနိုင်သည်။ မျက်စင်းခတ်ဆေးရည်ကို မျက်လုံးနှစ်ဖက်လုံး တစ်ဖက်တည်းသာ နာနေသည့်တိုင် ခတ်ပေးရလိမ့်မည်။ မျက်ချေးများ တိတ်သွားပြီးနောက် နှစ်ရက် ဆက်လက်ထည့်ပေးပါ။

## သတိရရန် အဓိက အချက်များ

- မျက်မြေးရောင်နာ (conjunctivitis) သည် ကူးစက်နိုင်သည် သို့မဟုတ် ဓါတ်မတည့်မှု ဖြစ်နိုင်သည်။ ကူးစက်တတ်လျှင် ၎င်းသည် များသောအားဖြင့် အလွန် ကူးစက်ပါသည်။
- ကူးစက်တတ်သော မျက်မြေးရောင်နာ (conjunctivitis) ရှိသောကလေးတစ်ယောက်သည် မျက်လုံးများတွင် မျက်ချေးများ တိတ်သွားသည်အထိတိုင် အခြားသူများအား ကူးစက်စေသည်။
- ကူးစက်တတ်သည့် မျက်မြေးရောင်နာ (conjunctivitis) ရှိသည့်ကလေးငယ်များသည် ကလေးထိန်းကျောင်း၊ သူငယ်တန်းကျောင်း သို့မဟုတ် ကျောင်းသို့မသွားဘဲ အိမ်တွင်နေသင့်သည်။

## ပိုမိုသော အချက်အလက်များ အတွက်

- သင့် ဆရာဝန်၊ မိခင်နှင့်ကလေး ကျန်းမာရေး သူနာပြု သို့မဟုတ် ဆေးဝါးအတတ်ပညာရှင်နှင့် တွေ့ပါ။
- ကလေး ကျန်းမာရေး အချက်အလက်- ကလေးများ၌ အဖျား (rch.org.au/kidsinfo/fact_sheets/Fever_in_children)

Royal Children's Hospital မှ Victorian State Government rch.org.au/kidsinfo ၏ အထောက်အပံ့ဖြင့် ထုတ်လုပ်သည်။

**ပြန်လည်သုံးသပ်ပြီး 2018**

Kids Health Info ကို The Royal Children's Hospital Foundation မှ အထောက်အကူပြုထားသည်။ အလှူငွေထည့်ရန် rchfoundation.org.au တွင်ကြည့်ပါ

## တာဝန်မယူခြင်းဆိုချက်

ဤအချက်အလက်များကို သင့်ဆရာဝန် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှု အတတ်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်မှုအား အစားမထိုးသင့်ပါ။ RCH သည် ဤအချက်အလက်များကို ထုတ်ဝေချိန်၌ အတိအကျဖြစ်ကြောင်း သေချာစေရန် အမျိုးမျိုး အားထုတ်၍ လုပ်ထားသည်။ RCH သည် မှားယွင်းမှု တစ်ခုခု၊ နားလည်မှုလွဲမှားမှုတစ်ခုခု သို့မဟုတ် ဤလက်ကမ်းစာစောင်ပါ ကုသမှုတစ်ခုခု၏ အောင်မြင်မှု တို့အတွက် တာဝန်မယူပါ။ ဤအချက်အလက်များကို ပုံမှန် ပြင်ဆင်ရေးသား ထားသည်။ သင့်တွင် နောက်ဆုံးထုတ်ဝေချက်ရှိကြောင်း အမြဲတမ်း စိစစ်ပြီး သေချာအောင်လုပ်ပါ။